## စက်တင်ဘာလဆန္ဒပြပွဲများအတွင်း တကယ်တမ်း ပါဝင်ခဲ့ခြင်းမရှိဘဲ ရုံးတင်တရားစွဲဆိုခံရသူများရှိ
၃၀ နိုဝင်ဘာ ၂၀၀၇

သံဃာတော်တွေဦးဆောင်တဲ့ ဆန္ဒပြပွဲကာလတွေမှာ အာဏာပိုင်တွေ အဖမ်းအဆီးတွေ လုပ်ခဲ့သူတွေထဲမှာ မဆီမဆိုင်သူတွေလည်း ဖမ်းဆီးခံခဲ့ရပြီး တရားစီရင်ရာမှာလည်း ဥပဒေကိုကျော်လွန်ဆောင်ရွက်မှုတွေ ရှိနေတယ်လို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရှေ့နေ ဦးအောင်သိန်းက ပြောဆိုလိုက်ပါတယ်။ အကြောင်းစုံကို ကိုအောင်လွင်ဦး က တင်ပြထားပါတယ်။

သံဃာတော်တွေဦးဆောင်တဲ့ ဆန္ဒပြပွဲတွေကို အာဏာပိုင်တွေက သွေးထွက်သံယိုနှိမ်နင်းပြီးတဲ့နောက် အဖမ်းအဆီးခံခဲ့ရသူတွေကြားမှာ တစ်ယောက်အပါအဝင်ဖြစ်တဲ့ ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ်က ဒုတိယနှစ် ဒဿနိကဗေဒ ကျောင်းသူ မခင်စန္ဒာဝင်းရဲ့ တရားခွင်ကို အာဏာပိုင်တွေ ကိုင်တွယ်ပုံတွေနဲ့ပတ်သက်လို့ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် အဲန်အယ်လ်ဒီ ရှေ့နေ ဦးအောင်သိန်းက ဝေဖန် ပြောဆိုလိုက်တာပါ။ မခင်စန္ဒာဝင်း ဖမ်းဆီးခံရတဲ့ အမှုဖြစ်စဉ်ကို ဦးအောင်သိန်းက ပြောပြရာမှာတော့ –

> “စာမေးပွဲပြီးတော့ဗျာ၊ ဒီ ၂၉ ရက် ၉ လ ၂၀၀၇ ရက်နေ့မှာ သူ မနက်ပိုင်းမှာ ရန်ကုန်မြို့မှာ အလုပ်ခေါ်တဲ့ စတိုးဆိုင်တွေကို လိုက်လံစုံစမ်းရင်းနဲ့ ကျောက်တံတားမြို့ ပန်းဆိုးတန်းကုန်တိုက် အရှေ့ဖက်ကို သူ ရောက်လာတာပေါ့ဗျာ၊ ရုပ်ရှင်ရုံကြီးဖက်ကို၊ အဲဒီမှာ သူ့ကို မသင်္ကာလို့ဆိုပြီး ဖမ်းသွားတာပဲ။ အဲဒီတော့ ဖမ်းသွားတော့ သူ့မှာ တကယ်ပါလာတာကတော့ဗျာ၊ ကျောင်းသားကဒ်တွေ ပါတယ်။ ငွေ ၂၅၀ ပါတယ်။ ဘောပင်တစ်ချောင်းပါတယ်။ ဦးထုပ် တစ်လုံးပါတယ်ပေါ့နော်။ အဲဒီမှာ Philosophy Withdraw Club ဆိုတဲ့ ခေါင်းစည်းတစ်ခုလည်း ပါတယ်။ ခေါင်းစည်း ပါတာကိုတွေ့တာနဲ့ ဒီလို အရေးအခင်းကာလနဲ့ ဆက်လျက်ဖြစ်နေလို့ သူ့ကို မသင်္ကာဘူးဆိုပြီးတော့ မြို့တော်ခမ်းမကို ခေါ်သွားတယ်။ အဲဒီ မြို့တော်ခမ်းမမှာတဲ့။ တခြား ယောကျ်ားလေး ၁၀ ဦးနဲ့အတူပေါ့လေ။ သူ့ကို ဓါတ်ပုံ တွဲရိုက်တယ်တဲ့၊ အဲဒီ ဓါတ်ပုံ တွဲရိုက်တဲ့ရှေ့မှာလည်း အဲဒီ ဓါးတွေရော၊ လောက်လေးခွတွေရော၊ နံချပ်ကူတွေရော၊ လောက်စလုံးတွေရော ဖြန့်ထားတဲ့သူတွေနဲ့အတူတူ ဓါတ်ပုံတွဲရိုက်တယ်တဲ့။ အဲဒီလို ဓါတ်ပုံတွဲရိုက်ပြီးနောက်ပိုင်းမှာ သူ့လွယ်အိတ်ထဲက လောက်လေးခွ တွေ့တယ်ဆိုပြီး စွပ်စွဲတယ်တဲ့။ စွပ်စွဲပြီးတော့ လက်မှတ် ထိုးခိုင်းတယ်ပေ့ါ။ သူက မထိုးဘူးတဲ့၊ မထိုးတဲ့အတွက် သူ့ကို အဲဒီနေ့ညမှာပဲ ကျိုက္ကဆံကို ပို့တယ်။ နောက် ကျိုက္ကဆံမှာ သူ ၇ ရက်လောက်နေပြီးတော့ ၇ ရက် ၁၀ လပိုင်း ၂၀၀၇ နေ့ကျတော့ သူ့ကို အင်းစိန်ထောင်ကို ပို့လိုက်ပြန်ရော။ နောက် အင်းစိန်ထောင်မှာနေပြီးတော့ ၂၅ ရက် ၁၀ လ ၂၀၀၇ ရက်နေ့ရောက်တော့ သူ့ကို လှိုင်မြို့နယ် မယကရုံးကို လွှဲပေးလိုက်တယ်။ အဲဒီကနေတဆင့် သူ့ကို သူနေထိုင်ရာဒေါပုံမြို့နယ် မယက ကို လွှဲပို့တယ်။ ပြီးတော့ သက်ဆိုင်ရာ ယရက နဲ့ ဥက္ကဋ္ဌနဲ့ မိသားစုတွေကနေပြီးတော့ ခံဝန်ချက်နဲ့ သူ့ကို ပြန်လွှတ်ပေးလိုက်တယ်။”

ဒီလို ခံဝန်ချက်နဲ့ နေထိုင်နေရာက အခုလဆန်းပိုင်းမှာတော့ ကျောက်တံတားရဲစခန်းက ဆင့်ခေါ်တဲ့အတွက် သွားရောက်ရာမှာ ရဲစခန်းက ဖမ်းဆီးတရားစွဲဆိုခဲ့တယ်လို့ ဦးအောင်သိန်း ကပြောပြပါတယ်။ ဒါပေမယ့်လည်း အာမခံပေးပိုင်ခွင့်ရှိတဲ့ အမှုဖြစ်တာကြောင့် ကျပ်ငွေ သိန်း ၅၀ အာမခံနဲ့ မခင်စန္ဒာဝင်းကို ပြန်လွှတ်ပေးခဲ့ပြီး နောက်ပိုင်းမှာ အာမခံကို တရားရုံးက ပြန်လည် ရုတ်သိမ်းခဲ့တာကြောင့် တရားရုံးအဆင့်ဆင့်ကို လျှောက်လဲခဲ့ပေမယ့် ပယ်ချခံခဲ့ရတာ ဒီကနေ့အထိပဲလို့ ဦးအောင်သိန်း ကပြောပါတယ်။

> “အဲဒီ အာမခံပေးလိုက်တဲ့အမှုကို ပေးပြီးကာမှ နောက်တစ်ခါ ၁၂ ရက် ၁၂ လ ၂၀၀၇ ရက်နေ့ ရောက်တော့ သူဟာ လုံခြုံရေးတပ်ဖွဲ့တွေကို အန္တရာယ်ပြုလုပ်တဲ့ ပြစ်မှုကို ကျူးလွန်တယ်ဆိုပြီးတော့ သူ့ကို စွဲဆိုထားတာဖြစ်တဲ့အတွက်ကြောင့် ပြန်လည် ရုတ်သိမ်းသင့်တယ်လို့ ထင်တယ်ဆိုပြီးတော့ သူဟာ ထွက်ပြေးတိမ်းရှောင်သွားနိုင်ဖွယ်ရှိတယ်ဆိုပြီးတော့ ရုံး တရားသူကြီးကသုံးသပ်ပြီး အာမခံကို ပြန်ရုတ်သိမ်းတယ်ပေ့ါနော်။ ဒီ အာမခံ ပြန်ရုတ်သိမ်းတဲ့ကိစ္စနဲ့ပတ်သက်ပြီးတော့ အန်ကယ်လ်တို့က မကျေနပ်လို့

ခရိုင်ကို တက်တယ်။ အဲ – ခရိုင်က ပယ်တယ်။ ခရိုင်က ပယ်တော့ တိုင်းကို တက်တယ်၊ ဒီကနေ့ တိုင်းမှာ လျှောက်လွှဲချက်ပေးတော့ ဒီနေ့ တိုင်းကလည်း ပလပ်တယ်။”

လောလောဆယ် တရားခွင်မှာ စွဲဆိုထားချက်တွေကြောင့် တက္ကသိုလ်ကျောင်းသူ မခင်စန္ဒာဝင်းဟာ ပြင်းထန်တဲ့ပြစ်ဒဏ်တွေ ချမှတ်ခံရမယ့် အခြေအနေမျိုးနဲ့ ရင်ဆိုင်နေရတယ်လို့လည်း ဦးအောင်သိန်းက ဆိုပါတယ်။ ဒီလိုအခြေအနေမျိုးမှာ တရားစီရင်ရေးစနစ် အခြေအနေတွေအပေါ် သူက မှတ်ချက်ပေးပြောဆိုရာမှာတော့ –

“လက်နက်ပုဒ်မ ၁၉ (င) နဲ့ သူက ဖွင့်တယ်။ အဲဒီတော့ ၁၉ (င) နဲ့ သူ တရားရုံးရှေ့ လာအစစ်ခံတော့ ကျနော်တို့က လက်နက်ပုဒ်မ ၁၉ (င) မှာ ခွ ပါလို့လား ဆိုတော့ မပါဘူးတဲ့။ မပါရင် ဘာဖြစ်လို့ ၁၉ (င) နဲ့ အမှု ဖွင့်သလဲလို့ စခန်းမှူးကို မေးတော့ အထက်က ဖွင့်ခိုင်းလို့ပါတဲ့။ အဲဒါကို ဥပဒေ အကြံဉာဏ်တောင်းတော့ ဥပဒေ ကနေပြီးတော့ ၁၉ (င) အစား ပုဒ်မ ၃၃၆ တို့၊ ပုဒ် ၅၁၁ တို့နဲ့ ပေးလိုက်တာပေ့ါလေ။ အဲဒီတော့ ပုဒ်မ ၃၃၆ တို့၊ ပုဒ်မ ၅၁၁ တို့ဆိုတာ ဘာလဲဆိုတော့ အခြား သူတစ်ယောက်ရဲ့ အသက်အန္တရာယ် ဒါမှမဟုတ် လုံခြုံရေးကို ဘေးဖြစ်စေအောင်ပြုလုပ်မှုပေ့ါလေ၊ ၃၃၆ ကို ဘာ ထပ်တွဲလဲ ဆိုတော့ ၅၁၁ ထပ်တွဲတယ်။ ၅၁၁ ထပ်တွဲတဲ့အတွက်ကြောင့် သူက ပြစ်မှုကျူးလွန်ဖို့ အားထုတ်တယ် ဆိုတဲ့သဘောမျိုး ပြန်သက်ရောက်နေတယ်။ အဲဒီ ပြစ်မှုကျူးလွန်ဖို့ အားထုတ်တယ်ဆိုတာ အခြား ပြစ်ဒဏ် ပေးစရာမရှိရင် သူက တစ်ကျွန်းအထိ ပို့ဒဏ်အဖြစ်၊ ထောင်ဒဏ် တစ်ကျွန်းအထိချနိုင်တဲ့ ပုဒ်မတွေ ဖြစ်တယ်။ ၁၀ နှစ်အထိ အလုပ်ကြမ်းနဲ့လည်း ချနိုင်တဲ့ ပုဒ်မတစ်ခုကို ကျူးလွန်တဲ့သဘောမျိုးလည်း သက်ရောက်သွားနိုင်တယ်ပေါ်နော့်။ အဲဒီတော့ ဥပဒေက ပေးထားပါလျက်နဲ့ ဥပဒေက အကာအကွယ်ကို ကျောင်းသူလေးက မရရှာဘူးဆိုတာ တွေ့ရတယ်။ ဆိုတော့ ပေးကားပေး၏၊ မရ။ ဥပဒေက ပေးတယ်။ မရဘူး။ မရအောင် ဘယ်သူက လုပ်သလဲဆိုတာ ဒါ စဉ်းစားစရာ အချက်အလက်တွေပေ့ါနော်။ ဒါဟာ မဖြစ်ကောင်းဘူးပေ့ါ ဥပဒေရဲ့ စနစ်တစ်ခုအပေါ် သွားတဲ့နေရာမှာ။ ဥပဒေကို လိုသလို သုံးတယ်ဆိုတဲ့ပုံစံမျိုး မဖြစ်ဖို့လည်း အရေးကြီးတာပေ့ါနော်။”

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဲန်အယ်လ်ဒီ ရှေ့နေ ဦးအောင်သိန်း ပြောပြသွားတာပါ။ အခုလို တိုင်းတရားရုံးအထိ အာမခံလျှောက်ထားတာကို ပယ်ချပေမယ့်လည်း ဒီအမှုကို ဗဟိုတရားရုံးအထိ ဆက်လက်လျှောက်လဲသွားမယ်လို့လည်း သူက ပြောပါတယ်။